ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့
No. 6 Dong Zhi Men Wai Street, Chao Yang District,
Beijing 100600, People's Republic of China
Tel : 0086 10 6532 0351, 6532 0412
Fax : 0086 10 65320408

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသူများမှ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ပုံစံ (၁၅) ဖြန့်ဝေကြောင်းနှင့် ပုံစံ (၁၅) ပြန်လည်ပေးပို့ရမည့်နေ့ရက်အား ကြေညာခြင်း

**(ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက်)**

၁။ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲကို ၈-၁၁-၂၀၂၀ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ ဆန္ဒမဲပေးနိုင်ရေး အတွက် **ပုံစံ (၁၅)** များကို မြန်မာသံရုံး၊ ပေကျင်းမြို့၏ ဝက်ဘ်ဆိုဒ်၊ facebook page နှင့် ကျောင်းသူ/သားများ ၏ wechat တို့မှ ယနေ့တွင် ထုတ်ယူနိုင်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၂။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်ပရောက်မြန်မာနိုင်ငံသားများမှာ နိုင်ငံတော်မှ တရားဝင်ထုတ်ပေးထားသော နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူဖြစ်ရပါမည်။ ပုံစံ (၁၅) ဖြည့်စွက်ရာ၌ ပုံစံပါ အချက်အလက်များအား ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပေးနိုင်ပါရန်၊ အထူးသဖြင့် တောင်းဆိုသူ၏ အမည်၊ တိုင်းရင်းသားလူမျိုး၊ မှတ်ပုံတင်အမှတ်၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ မွေးသက္ကရာဇ် (အသက်)၊ အဘအမည်၊ တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ၊ အိမ်အမှတ်၊ လမ်း/ ကျေးရွာ၊ ရပ်ကွက်/ ကျေးရွာအုပ်စု၊ မြို့နယ်၊ တိုင်းဒေသကြီး/ ပြည်နယ် အတိအကျထည့်သွင်းဖော်ပြပါရန်၊ တောင်းဆိုသူ ယခုရောက်ရှိနေသည့် နေရပ်/ ဌာန (ပြည်တွင်း/ ပြည်ပ) လိပ်စာ (အင်္ဂလိပ်ဘာသာဖြင့်) ခွဲခြားဖော်ပြ၍ မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်ပေးနိုင်ပါရန်နှင့် ပြန်လည် ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာများအား ထည့်သွင်းဖြည့်စွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃။ မဲပေးပိုင်ခွင့်ရှိသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများမှ အဆိုပါ ဖြည့်စွက်ပြီး **ပုံစံ (၁၅)** များကို မှန်ကန်စွာဖြည့်စွက်၍ စာတိုက်မှ မှတ်ပုံတင် (Registered) ပြုလုပ်၍ သံရုံး၏ လိပ်စာ No. 6, Dong Zhi Men Wai Street, Chao Yang District, Beijing 100600, PRC; Tel; 00861065320351, 65320412; သို့ လည်းကောင်း၊ အီးမေးလ် info@myanmarembassy.com၊ education.mebj@qq.com များသို့ လည်းကောင်း၊ Fax: 0086-10-65320408 သို့လည်းကောင်း၊ **၁၆-၇-၂၀၂၀ ရက်နေ့မှ ၅-၈-၂၀၂၀ ရက်နေ့အတွင်း ပြန်လည် ပေးပို့ပေးပါရန်၊** သတ်မှတ်ရက်ကျော်ပါက လက်ခံဆောင်ရွက်ခြင်းပြုမည် မဟုတ်ပါကြောင်း မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

၄။ ထို့အပြင် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ ပြည်ပရောက် မြန်မာနိုင်ငံသားများမှ သတ်မှတ်ချက်များနှင့်အညီ ကြိုတင်မဲဆန္ဒလက်မှတ်ဖြင့်၊ အချိန်မီ ကြိုတင်ဆန္ဒမဲပေး နိုင်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်နှင့် ညွှန်ကြားချက်များ ထပ်မံရရှိပါက မြန်မာသံရုံး၊ ပေကျင်းမြို့၏ ဝက်ဘ်ဆိုဒ်နှင့် အင်တာနက်စာမျက်နှာများတွင် တင်ပြ၍ ဆက်လက် အကြောင်းကြားသွားမည် ဖြစ်ပါကြောင်း တစ်ပါတည်း အသိပေးအပ်ပါသည်။

မြန်မာသံရုံး၊ ပေကျင်းမြို့

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING